ကလိမဟ်တော်“လာအိလာဟအိလ်လလ္လာဟ်”ကို ရွတ်ဆိုလိုက်ပါ။၎င်းကလိမဟ်တော်ဖြင့်ကျွန်တော်သည် သင့်အတွက်

ကိယာမသ်နေ့၌ သက်သေခံပေးမည်ဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ဘကြီးတော်အား
ပြောကြားတော်မူသည်မှာ ကလိမဟ်တော်“လာအိလာဟအိလ်လလ္လာဟ်”ကို ရွတ်ဆိုလိုက်ပါ။
၎င်းကလိမဟ်တော်ဖြင့်ကျွန်တော်သည် သင့်အတွက် ကိယာမသ်နေ့၌ သက်သေခံပေးမည်ဖြစ်သည်။ဘကြီးတော်ကပြန်လည်ပြောကြားသည်မှာ အကယ်၍ ကုရိုင်ရှ်တို့က
ကျွန်ုပ်အားအပြစ်မတင်ကြလျှင်၊ သေရမည်ကို ကြောက်ရွံ့ခြင်းက ကျွန်ုပ်အား
ဤသို့ရွတ်ဆိုစေသည်ဟု ၎င်းတို့ပြောကြမည်ကို မစိုးရိမ်လျှင် အမှန်တကယ်ပင်
ကျွန်ုပ်သည် ဤကလိမဟ်တော်ကိုရွတ်ဆိုကာ သင်၏မျက်စိကိုအေးမျှစေမည်ဖြစ်သည်။ ထိုအခါအလ္လာဟ်အရှင်မြတ်က ဤအာယသ်တော်အား ချပေးတော်မူခဲ့သည်။(ဧကန်အမှန် အသင်သည်
မိမိနှစ်လိုသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သည် မဟုတ်ပေ။ စင်စစ်မှာကား
အလ္လာဟ်အရှင်မြတ်သာလျှင် မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်သို့
ပို့ဆောင်ပေးတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် တရားလမ်းမှန်
ရရှိကြမည့်သူတို့အား ကောင်းစွာသိရှိတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။) ကုရ်အာန် (၂၈:၅၆)
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ဘကြီးတော် အဗူသွာလိဗ်ကွယ်လွန်ခါနီးနောက်ဆုံးအချိန်တွင် ကလိမဟ်ရှဟာဒသ် ရွတ်ဆိုရန် တိုက်တွန်းခဲ့သည်။ဤသို့တိုက်တွန်းရခြင်းမှာ ကိယာမသ်နေ့၌ ထိုကလိမဟ်တော်ဖြင့် ဘကြီးတော်အား ရှဖာအသ်ကြားဝင်အသနားခံပေးရန်နှင့် မွတ်စ်လင်မ်ဖြစ်ကြောင်း သက်သေခံပေးရန်အတွက်ဖြစ်သည်။သို့သော် ဘကြီးတော်သည် ကုရိုင်ရှ်တို့က မိမိအား အပြစ်တင်မည်ကို စိုးရိမ်သောကြောင့်ရှဟာဒသ်ရွတ်ဆိုရန် ငြင်းခဲ့သည်။ ကုရိုင်ရှ်တို့က မိမိအား သေရမည်ကိုကြောက်သည့်စိတ်နှင့် ချည့်နဲ့မှုတို့ကြောင့် အစ္စလာမ်သာသနာကိုလက်ခံလိုက်သည်ဟုပြောကြမည်ကို စိုးရိမ်မိသည်။ ထို့နောက် ဘကြီးတော်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ပြောကြားခဲ့သည်မှာကုရိုင်ရှ်တို့ပြစ်တင်ပြောဆိုကြမည်ကို မစိုးရိမ်ပါက အမှန်တကယ်ပင် ကျွန်ုပ်သည်ကလိမဟ်ရှဟာဒသ်ကို ရွတ်ဆိုကာ သင်၏စိတ်နှလုံးကို ပျော်ရွှင်စေမည်ဖြစ်ပြီးသင်ကျေနပ်သည်အထိ သင့်ဆန္ဒကိုဖြည့်ဆည်းပေးမည်ဖြစ်သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည်ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်ကို ချပေးတော်မူခဲ့သည်။ ထိုအာယသ်တော်က ညွှန်ပြနေသည်မှာတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အစ္စလာမ်သာသနာပေါ်တွင်လိုက်နာကျင့်သုံးနိုင်စွမ်း ချီးမြှင့်သည့် ဟိဒါယသ်လမ်းမှန်တရားမျိုးကိုမပိုင်ဆိုင်ပေ။ အမှန်တကယ်ပင် တစ်ဆူတည်းတစ်ပါးတည်းဖြစ်‌တော်မူသောအလ္လာဟ်အရှင်မြတ်သည်သာ မိမိအလိုရှိသူကို လိုက်နာကျင့်သုံးနိုင်စွမ်း ပေးတော်မူသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အဖန်ဆင်းခံတို့အားညွှန်ကြားပြသခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ လမ်းညွှန်ပေးခြင်း၊ဖြောင့်မတ်မှန်ကန်သည့်လမ်းစဉ်ဘက်သို့ ဖိတ်ခေါ်ခြင်းအားဖြင့် ဟိဒါယသ်တရားလမ်းမှန်ဘက်သို့ ညွှန်ကြားပြသနိုင်ပေသည်။

https://sunnah.global/hadeeth/my/show/65069